mgyoe.com

SAMPLE BOOK

# ရေအေး

# ဝတ္ထုအကြောင်း ပြောတဲ့အခါ ပြောဖြစ်တာတွေက

mgyoe.com

mgyoe.com SAMPLE BOOK

ISBN 978-99971-44-51-5
K0439
9 789997 144515 >

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အတွင်းပုံနှိပ် အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။


မျက်နှာဖုံးသရုပ်ဖော် - မာဏ

တန်ဖိုး - ၂၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# ရေဆေး ဝတ္ထုအကြောင်း ပြောတဲ့အခါ ပြောဖြစ်တာတွေက



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ၁။ စကားချီး

၂၀၁၃ ကနေ ဝတ္ထုတိုတွေ စရေးခဲ့တာ ဆိုတော့ ဝတ္ထုသမားတွေနဲ့ ခင်ရ မင်ရ၊ တွေ့ရ ဆုံရတာ အတိုင်းအတာ တစ်ခုအထိ ရှိခဲ့ပြီ။ ယေဘုယျပြောရရင် ကျွန်တော် အဲဒီလို တွေ့ရ၊ ခင်ရတဲ့အထဲ အများစုက အေးအေးဆေးဆေးသမားတွေများတယ်။ လက်ဖက်ရည်ဝိုင်း၊ ဘီယာဝိုင်းတွေမှာ ဆုံလို့များသူတို့ကို ကြည့်လိုက်ရင် တချို့က ခွန်အားမရှိသလို ယှဲ့ယှဲ့လေးပြုံးပြီး ထိုင်နေကြတယ်။ တချို့က ဟိုလူ့အတင်း နည်းနည်း၊ ဒီလူ့သတင်း နည်းနည်း ပြောကြတယ်။ တချို့ကကျ ဟာသတွေ ပြောပြီး ရယ်နေကြရော။ ဝတ္ထုသမားတွေ၊ စာရေးသူတွေ ဆိုပြီး နာမည်ခံထားကြပေမယ့် ဝတ္ထုအကြောင်း၊ စာပေတွေ အကြောင်းကျ ပြောတော့ ပြောကြပါရဲ့။ ထင်သလောက်ထွက်မလာကြဘူး။ ဒါက အလွတ်သဘော လက်ဖက်ရည်ဝိုင်း၊

mgyoe.com

mgyoe.com SAMPLE BOOK



ဘီယာဝိုင်းမှာမို့ ပြောပြော၊ ပျောက်ပျောက် ဆိုပြီး မပြောကြ တာလား၊ စာတစ်လုံး ဘုရားတစ်ဆူ ဆိုကြသမို့ စာနဲ့ပေနဲ့မှ ကျကျနန ပြောကြ၊ ရေးကြမှာလား ဆိုတော့လည်း ဘယ်သူ မှ နင်လား၊ ငါလား မပြောကြပြန်ဘူး။ တွေ့တဲ့ မြင်တဲ့ အနည်း အကျဉ်းကလည်း သူ့ဟာလေးက ဘယ်လိုကောင်း၊ ဘယ် လောက်ကောင်း ဆိုတာမျိုးလောက်ပဲ ပြောကြတာ များတယ်။ ကျွန်တော့်စိတ်ထဲ ဟိုးအရင် ဝတ္ထုရေးဆရာတွေ ပြောခဲ့တာ ကို ဆယ်ပုံ ပုံရင်တောင် တစ်ပုံလောက် မပြောကြဘူး ထင် တာပဲ။ အဲဒါတွေကိုပြန်သုံးသပ်ကြည့်ရင် ဖြစ်နိုင်တာကတော့ အမျိုးမျိုးပဲ။ အဆိုးဝါးဆုံးက စ,ပြောရရင် ဘာပြောရမယ်မှန်း မသိလို့ မပြောတာလည်း ဖြစ်နိုင်တယ်။ သူတို့ကတော့ ရှင်း တယ်၊ ငါ ဘာမှ မသိဘူး၊ ငါ့မှာ ဝတ္ထုနဲ့ ပတ်သက်ပြီး ဘာမှ ပြောစရာ မရှိဘူးပေါ့။ တချို့ကျ လူမုန်းမခံချင်တာ ဖြစ်မယ်။ ဝတ္ထုအကြောင်း၊ စာပေအကြောင်း ပြောကြစို့ ဆိုရင် သဘော မတူတာတွေ ပါလာတော့မယ်၊ ငြင်းစရာတွေ၊ ခုံစရာတွေ ပါလာတော့မယ်။ ပြီး... ဒီဘက်ခေတ် အထာအရ လူမှုကွန် ရက်မှာ စောင်းတာတွေ၊ ချိတ်တာတွေ ပါလာတော့မယ်။ အဲဒါ တွေအတွက် စိတ်ရှုပ်မခံချင်ဘူး။ ဒီတော့ မပြောတော့ဘူး။ ကျွန်တော် မသိဘူးဆို ပြီးသွားတာကိုး။ နောက်တစ်ခု ရှိသေး

mgyoe.com

mgyoe.com SAMPLE BOOK



တယ်။ အဲဒါက ဒုတိယတစ်ခုနဲ့ ခပ်ဆင်ဆင်ပဲ။ ဒါပေမဲ့ သူက ကျ လူမုန်းမခံချင်တာ မဟုတ်ဘူး။ ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ အနှစ်ပြည့်တဲ့ စပါးနှံက ငိုက်တယ်၊ ပညာရှိသူက နှိမ့်ချတယ် ဆိုတာရဲ့ အကျိုးဆက်တွေ။ တစ်ခုခုဆို ပညာရှင်ပုံစံဖမ်းပြီး ကျွန်တော်က မသိပါဘူးဗျာပေါ့။ ဘယ်လိုပဲဆိုဆို မပြောတဲ့ သူတွေချည်းပဲ ဆိုတော့ အားလုံးကို ခြုံပြီး ပြောရရင်တော့ ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲကြသူများပေါ့။ ဒီတော့ အဲဒါ ဘာဖြစ်တုန်း၊ မေးခွန်းက မေးစရာ ဖြစ်လာတယ်။ တချို့က ထင်မှာပဲ။ ရန်ပွဲတောင် နည်းသေးတယ်၊ အခုလည်း သူ့ဟာသူ အဆင်ပြေနေတာပဲပေါ့။ ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး။

နည်းနည်းလောက် ရှင်းရရင် ဝတ္ထု ဆိုတဲ့ စကားလုံးကို ပြောတာနဲ့ အနုပညာ ဆိုတဲ့ စကားလုံးက ကပ်ပါပြီးသားပဲ။ ဘာလို့လဲ ဆိုတော့ ဝတ္ထု ဆိုတာက လူတွေ ဖန်တီးတဲ့ အနုပညာ ပစ္စည်းတွေထဲက တစ်မျိုးကိုး။ ပြီးတော့ ဝတ္ထုလို့ ပြောလိုက်တာနဲ့ အဲဒီ အနုပညာလိုပဲ နောက်ထပ် ကပ်ပါလာတဲ့စကားလုံး တစ်လုံး ရှိသေးတယ်၊ အဲဒါက စာရေးခြင်း အတတ်ပညာပဲ။ ပန်းချီဆရာတွေက ပန်းချီပစ္စည်းတွေ၊ ပန်းချီအတတ်ပညာတွေကို သုံးပြီး အနုပညာကို ဖန်တီးကြသလိုပဲ ဝတ္ထု

mgyoe.com

mgyoe.com SAMPLE BOOK



ရေးသူတွေကလည်း စကားလုံးတွေကို အသုံးပြုပြီး ဝတ္ထုကို ဖန်တီး ကြရတယ်။ ဒီလိုတွေ အစချီနေတာ ဘာပြောချင် သလဲ ဆိုရင် အဲဒီစကားလုံး နှစ်လုံးမှာ ပညာဆိုတဲ့ စကားလုံး တစ်လုံး ကပ်ပါနေတာကို ပြောချင်၊ သတိထားမိစေချင်လို့ပဲ။ ဒီတော့ ပညာဆိုတာ ဘာလဲ၊ မေးစရာ ဖြစ်လာတယ် ဆိုပါ တော့။ ခက်ဆစ် အတိအကျ မဟုတ်ပေမယ့် ပညာရဲ့ ဆိုလိုရင်း က ကိစ္စတစ်ခုမှာ နှံ့စပ် သိမြင်တယ်၊ တတ်ကျွမ်း နားလည် တယ် ဆိုတာကိုတော့ သိကြမှာပဲ၊ ဒီတော့ အဲဒါတွေကို ဆက်စပ် ပြီး စဉ်းစားမယ် ဆိုရင် ဝတ္ထုရေးသူလို့ အမည်ခံထားသူ တစ် ယောက်ဟာ သူ လုပ်နေတဲ့ ဝတ္ထုရေးခြင်း အလုပ်ကို အတိုင်း အတာ တစ်ခုအထိတော့ ရှင်းရှင်းလင်းလင်း သိဖို့ လိုတယ်၊ နားလည်တတ်ကျွမ်းဖို့ လိုတယ် ဆိုတာကို ပေါ်လွင်မယ် ထင် တာပဲ။ တချို့က ကန့်လန့် တိုက်ချင်ကြမယ်။ မသိတော့ ဘာဖြစ်သလဲပေါ့။ ဒီနေရာမှာ အဲဒီ ကန့်လန့်တိုက်တဲ့ မေးခွန်း ကို မေးခွန်းတွေနဲ့ ပြန်ဖြေချင်တယ်။ အဲဒါက ပညာရပ်တစ်ခု ကို တကယ် လုပ်နေတဲ့သူကမှ မသိဘူး၊ မတတ်ဘူး ဆိုရင် တခြား ဘယ်သူများ သိဦးမှာတဲ့တုံး ဆိုတဲ့ မေးခွန်းပဲ၊ ပြီးတော့ အဲဒီပညာရပ်ကို တကယ် လုပ်နေသူကမှ တန်ဖိုးထားပြီး သိအောင်၊ နားလည်အောင် မလုပ်ရင် တခြားဘယ်သူကများ

mgyoe.com

mgyoe.com SAMPLE BOOK



အဲဒီပညာရပ်ကို တန်ဖိုးထားပြီး လေ့လာမှာတဲ့တုံး ဆိုတဲ့ မေးခွန်းတွေပဲ။

ကဲပါ။ ဝတ္ထုရေးသူက ဝတ္ထုအကြောင်းတော့ သိရမယ် ဆိုတာက လက်ခံပါပြီ။ အဲဒါနဲ့ အစက ချီခဲ့တဲ့ ဝတ္ထုရေးဆရာတွေ ဝတ္ထုအကြောင်း မပြောကြတာနဲ့ ဘယ်လိုများ ဆက်စပ်တုံးပေါ့။ သူတို့စိတ်ထဲ သိနေရုံနဲ့ မပြီးဘူးလားပေါ့။ သိပေမယ့်လည်း ပြောချင်မှ ပြောမှပေါ့လို့ ပြန်ငြင်းစရာပဲ။ အဲဒါကို ဆက်ရှင်းပါမယ်။ ပညာရပ်တစ်ခု ဆိုတာ အသံ ရှိစမြဲ၊ ထွက်စမြဲပဲ။ တကယ်လို့ တတ်တဲ့လူဆိကသာ အသံမထွက်ရင် မတတ်တဲ့သူရဲ့ အသံက ကျယ်နေမှာပဲ။ မြင်သာအောင် ပြောရရင် ဘာမဟုတ်တဲ့ သူက အိမ်ဦးခန်း တက်ထိုင်တာမျိုးပေါ့။ ပြီးရင် မဟုတ်တာတွေ၊ အမှားတွေ ပြောမယ်၊ တခြားသူတွေကလည်း အဲဒီ မဟုတ်တာတွေကို အမှန် ထင်မယ်။ ပညာရပ်တစ်ခုရဲ့ ပျက်စီးခြင်း လမ်းစက အဲဒီပညာရပ်ကို ထဲထဲဝင်ဝင် သိသူ၊ အဲဒီပညာရပ်နဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် လုပ်နေသူတွေက နှုတ်ဆိတ်နေခြင်းကလည်း တစ်ချက် ပါတယ်။ ပြောရရင် ဒါက ဝတ္ထုရေးသူတွေ ဆိတ်ဆိတ်နေရင် ဖြစ်လာမယ့် အပြစ်တွေ ဆိုပါတော့။ ဒီတော့ တစ်ဖက်က ပြန်စဉ်းစားကြည့်ရအောင်။ ဝတ္ထုနဲ့ပတ်သက်တဲ့ ပညာရှင်တွေ အသံထွက်လာ

mgyoe.com

mgyoe.com SAMPLE BOOK



ရင် ဘာဖြစ်မလဲပေါ့။ စစချင်းကတော့ မတတ်တဲ့ သူတွေရဲ့ အသံ တိုးသွားမယ်။ နောက်တစ်ခုက အမှန်တွေကို တခြား လေ့လာသူတွေ သိသွားမယ်။ တကယ်လို့ အဲဒီဝတ္ထုရေးသူ ပြောနေတာက အမှားတချို့ ပါနေရင်တောင် ကျန်တဲ့သူတွေ က ထောက်ပြနိုင်မယ်။ အဲဒီကမှ သူမှားတာကို သူ သိသွား မယ်။ ဒီအတွက် အနည်းဆုံးက သူ မှားနေရင်တောင် သူ့ တစ်ကိုယ်ရည် အတွက်တော့ အကျိုးရှိတယ်။

အဲဒီကမှနောက်တစ်ခုဆက်သွားရရင်စာရေးဆရာ တွေဆီက ကျွန်တော်တို့ နေ့စဉ် လှိုင်လှိုင်ကြီး မြင်နေ၊ ကြားနေ ရတာ တစ်ခု ရှိတယ်။ အဲဒါကတော့ မြန်မာစာပေ တိုးတက်ဖို့ ဆိုတဲ့ စကားပဲ။ စာကြည့်တိုက်တွေ ဖွင့်ရမယ်တို့၊ စာဖတ် ဝိုင်းတွေ ဖွင့်ရမယ်တို့၊ ပြီးတော့ စာအုပ်နဲ့ ပတ်သက်ပြီး အစိုးရက ဝိုင်းကူရမယ်တို့ ဆိုတဲ့ စကားတွေပဲ။ အများစုက အားတက်သရော လုပ်နေကြတယ်။ အဲဒါတွေ လုပ်တာ မှား သလား ဆိုရင် မမှားပါဘူး။ ဒါပေမဲ့ ခက်တာက အဲဒီကိစ္စတွေ အားလုံးက သစ်ပင်တစ်ပင်ရဲ့ အခက်အလက် ဆန်နေပြီး တော့ အမြစ်ကိစ္စ ဖြစ်တဲ့ စာရေးသူအတွက် သူ့အလုပ်ကို သူ ဂဃနဏ သိအောင် လုပ်ဖို့ လိုတယ် ဆိုတာကြီး မပါလာ ဘူး။ ကျွန်တော် ပြောမယ့် ခေါင်းစဉ်နဲ့ ဒီထက်ပိုပြီး ဆက်စပ်

mgyoe.com

mgyoe.com SAMPLE BOOK



မြင်သာအောင် ပြောရရင် စာပေလောက တစ်ခုလုံးကြီး အသာ ထားပါဦး၊ အဲဒီလောကရဲ့ အစိတ်အပိုင်း၊ ကနဦးက ပြောခဲ့တဲ့ တတ်သိတဲ့ ဝတ္ထုပညာရှင် ဆိုသူတွေက ဝတ္ထုအကြောင်းကို ပြောခြင်း၊ ဆိုခြင်းတွေ မရှိဘူး။ ဒီနောက် သူတို့နောက်မှာ ဖြစ်လာတဲ့ သူတွေကလည်း စမ်းတဝါးဝါး ရေးကြ၊ ပြောကြ။ ကြာလာတော့ အမှားကို အမှန်ထင်တာတွေ ဖြစ်လာပေ့ါ။ နောက်ဆုံး ခြုံပြောရရင် ဝတ္ထုရေးသူတစ်ယောက်ဟာ ဝတ္ထုရေးတာနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိထားတော့ သူ့ရဲ့ဝတ္ထုရေးခြင်း ဆိုတဲ့ အလုပ်ကို ပြောင်ပြောင်မြောက်မြောက် မလုပ်နိုင်တော့ဘူး။ ဥပမာပြရရင် ဆေးပညာ မတတ်သူက ဆေးမကုတတ်သလိုပေ့ါ။ ဒီနောက်တော့ အဲဒီ ပညာရပ်က အောက်ကို ဇောက်ထိုး စိုက်ဆင်းသွားတော့တာပဲ။

အခု ပြောခဲ့ပြီးသမျှကို နားလည်မယ် ထင်ပါတယ်။ အဲဒါတွေ အားလုံးရဲ့ အနှစ်ကို ချုပ်ရရင်တော့ ကျွန်တော် ဘာကြောင့် ဒီအကြောင်းတွေကို ဒီခေါင်းစဉ် တပ်ပြီး ကြီးကြီးကျယ်ကျယ် ရေးသလဲ ဆိုတာ အကြောင်းပြနေတာပဲ၊ ဒီနေရာမှာ မေးခွန်းတစ်ခု ထပ်ထွက်လာစရာ ရှိတယ်။ မင်းက မင်းကိုယ်မင်း ပညာရှင်လို့ သတ်မှတ်နေသလားပေ့ါ။ ဒီနေရာမှာ ပြောစရာ ရှိတာက ကျွန်တော့်ကိုယ် ကျွန်တော် ပညာရှင်ပါ

mgyoe.com

mgyoe.com
SAMPLE BOOK


လို့ သတ်မှတ်တာ မဟုတ်ဘူး။ ဒါကြောင့် စာရေးတာနဲ့ ပတ်သက်ပြီး အရင်ဆရာတွေ ရေးခဲ့တာတွေကို နည်းနာယူ မှတ်သားခဲ့ရတာ၊ ဒီဘက်ပိုင်း ဝတ္ထုတို နည်းနည်းပါးပါး ရေးခဲ့တဲ့ ဆယ်နှစ်နီးပါး ကာလအတွင်းမှာ ကိုယ်တွေ့အနေနဲ့ နည်းနည်းပါးပါး တီးမိခေါက်မိ ရှိလာတာ၊ ပြီး... ဂူးဂဲလ်တို့၊ ဝီကီတို့မှာ ဟိုရှာ ဒီဖွေလုပ်ရင်း နည်းနည်းပါးပါး တွေ့လာ၊ မြင်လာတာတွေ ရှိလာပေမယ့် ကျွန်တော်ကိုယ်၌က စမ်းတဝါးဝါးရှိနေတုန်းပဲဆိုတာဝန်ခံသလို ပညာရှင်တစ်ယောက် သိသင့်တဲ့ အတိုင်းအတာအထိ သိနေပြီလို့လည်း မထင်တဲ့ အကြောင်းကို ပထမဆုံး ပြောချင်တယ်။ ဒါပေမဲ့ အခုလို ပြောလိုက်ခြင်းအားဖြင့် အသံအားဖြင့် တိုးတိတ်နေတဲ့ အကြောင်းတွေ၊ ပြောဖို့ လိုနေတယ် ထင်တဲ့ အကြောင်းတွေကို ဆက်ပြောကြဖို့ အစ ဖော်ပေးသလို ဖြစ်နိုင်တယ်လို့ ထင်မိတဲ့အတွက် နည်းနည်းပါးပါး ပြောကြည့်တာမျိုးပဲ ဆိုတာကိုလည်း ပြောချင်တယ်။ ဆက်ရရင် ကျွန်တော် ပြောသမျှ အမှန်တွေလို့လည်း မဆိုလိုဘူး။ အမှားတွေလည်း ဖြစ်နိုင်တာပဲ၊ ပါနိုင်တာပဲ။ စောစောက ပြောခဲ့သလို ကျွန်တော့်ရဲ့ စကားတွေက တကယ့် ပညာရှင်တွေရဲ့ အမြင်မှာ ဘာအနှစ်မှ မရှိတဲ့သူက အိမ်ဦးခန်းမှာ တက်ထိုင်နေသလိုလည်း ဖြစ်နိုင်

mgyoe.com

mgyoe.com SAMPLE BOOK



တာပဲ။ ဒါပေမဲ့ ကျွန်တော် ပြောလိုက်တာက အသံတစ်ခု ဖြစ်သွားမယ် ဆိုရင်ပဲ မဆိုးဘူး ဆိုပါတော့။ တကယ်လို့ ကျွန်တော်က အမှားတွေ ပြောနေရင်တောင် မင်း ပြောနေတာ အမှားတွေပဲ ဆိုတဲ့ ပြန်လည် ဝေဖန် တည့်မတ်ပေးတာမျိုးတော့ ရမှာပဲ မဟုတ်လား။

◆

## ၂။ အနုပညာ၊ အနုပညာဖန်တီးသူနှင့် ခံစားသူ

(က)

ဝတ္ထု ဆိုတာက အနုပညာပစ္စည်းတစ်မျိုး ဖြစ်တာမို့ အနုပညာရဲ့ အဓိပ္ပာယ်နဲ့ ဒီအကြောင်းကို စ,ဖွင့်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ အနုပညာ ဆိုတာ ဘာလဲ၊ ရုတ်တရက် ကြည့်လိုက်ရင် မေးခွန်းလေးက တိုတိုလေးပဲ။ ဒါပေမဲ့ တကယ်တမ်း ဖြေကြစို့ ဆိုရင် လူတိုင်း လက်ခံတဲ့ အဖြေ မရှိတာမို့ ဒီမေးခွန်းက ခုထိ ဖြေရမလောက် ခက်ခဲတယ်။ ဒီမေးခွန်းအတွက် အကိုးအကားနဲ့သာ ပြောသင့်တယ်လို့ ခံစားမိတဲ့အတွက် မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၄ က အနုပညာ ဆိုတဲ့ ခေါင်းစဉ်ကို အရင်ဆုံး ကျွန်တော် ရှာဖတ်ကြည့်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



*အနုပညာသည် လူ၏ စေတနာအလျောက် လူ၏ စိတ်ကူးဉာဏ်စွမ်းဖြင့် ဖန်တီးရသော ပညာဖြစ်၍ အနုပညာ၏ အစွမ်းကြောင့် အနုပညာကို ခံစားရသူ၌ ရသ ဖြစ်ပေါ် ရသည်။ (မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၄၊ ၁၉၇၅)*

ရသကိုးပါး၊ အနုပညာကို ဖန်တီးခြင်း၊ ပန်းချီပန်းပု၊ ရသပညာ၊ အနုရသ စတာတွေ အကြောင်းကို ရှင်းပြထားတဲ့ အဲဒီ ဆောင်းပါးရှည်ကြီးမှာ အနုပညာရဲ့ အဓိပ္ပာယ်လို့ သတ်မှတ်လို့ရတဲ့ စာကြောင်းက အပေါ်က စာကြောင်းပါပဲ။ ဆိုလိုရင်းက "စေတနာက ကနဦး ဖြစ်တယ်။ အဲဒီစေတနာကို အခြေတည်ပြီး စိတ်ကူးဉာဏ် ကွန့်မြူးပြီး ဖန်တီးရတယ်။ အဲဒီအနုပညာကြောင့် ခံစားသူမှာ ရသတွေ ဖြစ်တယ်"။ ဒါပါပဲ။ အဲဒီစာကြောင်းက အခြားသူအတွက် ပြည့်စုံကုံလုံတဲ့ အဖြေ ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် ကျွန်တော်အတွက်တော့ ဒွိဟာဖြစ်ရတဲ့စကားလုံး တစ်လုံး ပါနေပါတယ်၊ အဲဒါက စေတနာ ဆိုတဲ့ စကားလုံးပါ။ ဒီတော့ မေးခွန်းတစ်ခု ထပ်ထွက်လာပါတယ်။ အဲဒါကတော့ စေတနာ ဆိုတာ ဘာလဲ ဆိုတာပါပဲ။ စေတနာရဲ့ အဓိပ္ပာယ်ကို ရှာကြည့်တော့ စေ့ဆော်တဲ့ စိတ်လို့ တွေ့ရပါတယ်။ ဘာကို စေ့ဆော်တာလဲ၊ အလုပ်တစ်ခုခုကို လုပ်ဖြစ်အောင် စေ့ဆော်ပေးတဲ့ စိတ်က စေတနာပါတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK



ဒီတော့ ပြောရရင် ဝတ္ထုရေးဖြစ်အောင်၊ အနုပညာကို ဖန်တီးဖြစ်အောင် စေ့ဆော်တာ ဆိုပါတော့။ စကားတစ်ခွန်း၊ အဖြစ်အပျက်တစ်ခု၊ မြင်ကွင်းတစ်ခု၊ စာအုပ်တစ်အုပ်။ အဲဒါတွေက မြင်ရ၊ ကြားရတဲ့ စိတ်က အနုပညာရှင်ကို ဒီအကြောင်းလေး၊ ဒီအတွေးအမြင်လေးကို ဝတ္ထုရေးပါလား၊ ပန်းချီဆွဲပါလား ဆိုပြီး တိုက်တွန်းလိုက်တာ။ အဲဒါက စေတနာပါတဲ့။

ပြောရရင် အဲဒီ အဓိပ္ပာယ်ဖွင့်ဆိုချက်က မဆိုးပေမယ့် ကျွန်တော် ပြောချင်တဲ့ စကားလုံးတချို့ မပါဘူး ဖြစ်နေပါတယ်။ ဒါနဲ့ ဂူးဂဲလ်မှာ ထပ်ရှာကြည့်ပါတယ်။ စစချင်း ပေါ်လာတဲ့ အနုပညာရဲ့ အဓိပ္ပာယ် သတ်မှတ်ချက်က ဒီလိုပါ။ အောက်စ်ဖို့ အဘိဓာန်မှာ ပါတဲ့ အဓိပ္ပာယ် သတ်မှတ်ချက်ပါ။

*Expression or application of human creative skill and imagination, typically in a visual form such as painting or sculpture producing works to be appreciated primarily for their beauty or emotional power. (Oxford Dictionary)*

*"အဓိကအားဖြင့် အလှတရား၊ ဒါမှမဟုတ် ရသကို နှစ်သိမ့်ကျေနပ် ခံစားဖို့အတွက် လူသားတွေရဲ့ ဖန်တီး တီထွင်တဲ့ စိတ်ကူးဉာဏ်နဲ့ ကျွမ်းကျင်မှုကို ပန်းချီရေးခြင်း၊ ပန်းပု*

mgyoe.com

mgyoe.com SAMPLE BOOK



*ထုခြင်းတို့လို ထုံးတမ်းစဉ်လာ အမြင်ပိုင်းဆိုင်ရာ ပုံသဏ္ဍာန်နဲ့ ဖော်ထုတ် ပြသခြင်းပါပဲ"*

နားလည်အောင် ဘာသာပြန်ခါမှ ရှုပ်ကုန်မလား မသိဘူး။ ဒီထက် ရှင်းအောင် ဖြတ်ရရင်တော့ အဲဒီတစ်ကြောင်းလုံးမှာ ကျွန်တော့်အတွက် မှတ်ထားစရာ အရေးကြီးတဲ့ စကားစုနှစ်စု ပါတယ်။ အဲဒါတွေက creative skill and imagination နဲ့ to be appreciated primarily for their beauty and emotional power ပါ။ ပထမ စကားလုံးက 'ဖန်တီးတီထွင်တဲ့ စိတ်ကူးဉာဏ်နဲ့ ကျွမ်းကျင်မှု' ပါ။ နောက်တစ်လုံးက 'အဓိကအားဖြင့် အလှတရား၊ ဒါမှမဟုတ် ရသကို နှစ်သိမ့် ကျေနပ်ခံစားဖို့အတွက်' ဆိုတာပါ။ အလှတရား ဆိုတာက ရှင်းပါတယ်။ emotional power ကို 'ရသ' လို့ ပြန်လိုက်တာကတော့ ခံစားမှုဆိုင်ရာ ခွန်အား ဆိုပြီး တိုက်ရိုက်ပြန်လိုက်ရင် တက်ကျမ်းတွေနဲ့ ရောကုန်မှာ စိုးလို့ပါပဲ။ မှားနေတယ် ဆိုရင်လည်း တည့်မတ်ကြဖို့ ပြောချင်ပါတယ်။

ထားပါတော့။ မြန်မာ့ စွယ်စုံကျမ်းထဲကနဲ့ အောက်စ်ဖို့ အဘိဓာန်က ရတဲ့ အဓိပ္ပာယ်နှစ်ခုမှာ မတူညီတာတွေ ရှိပါတယ်။ စွယ်စုံကျမ်းထဲမှာက စေတနာအလျောက် ဆိုတာ ပါပါတယ်။ အောက်စ်ဖို့ အဘိဓာန်မှာတော့ မပါ,ပါဘူး။ ပြီး...

mgyoe.com

mgyoe.com SAMPLE BOOK



စွယ်စုံကြမ်းမှာ မပါတဲ့ အလှတရားကို ခံစားတာကျ အောက်စ်ဖို့ အဘိဓာန်မှာ ပါပြန်ပါတယ်။ စကားလုံးတစ်လုံးစီပဲ ကွာတာ ပေမယ့် ဆိုလိုရင်းက အများကြီး ကွာသွားတာမို့ ဒီနှစ်ခုကို မှတ်စေချင်ပါတယ်။ အခု အဲဒီနှစ်ခု ရှင်းလောက်ပြီ ထင်လို့ အနုပညာရဲ့ နောက်ထပ် အဓိပ္ပာယ်တစ်ခုကို ထပ်သွားပါမယ်။ အဲဒါကတော့ ဝီကီပီးဒီးယားထဲမှာ တွေ့ရတဲ့ အနုပညာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ။

***Art is a diverse range of human activities in creating visual, auditory or performing artifacts (artworks) expressing the author's imaginative, conceptual ideas, or technical skill, intended to be appreciated for their beauty or emotional power. (Wikipedia)***

သူ့ရဲ့အဓိပ္ပာယ်ကတော့ *'အနုပညာဆိုတာ ရသအတွက်၊ အလှတရားအတွက် နှစ်သက်ခံစားဖို့ ရည်ရွယ်ပြီး စာရေးသူရဲ့ စိတ်ကူးဉာဏ်၊ ယူဆချက် အတွေး၊ အတတ်ပညာပိုင်း ကျွမ်းကျင်မှု တစ်ခုခုကို ဖော်ထုတ်ပြသခြင်းအားဖြင့် အမြင်ပိုင်း ဆိုင်ရာ၊ အကြားပိုင်းဆိုင်ရာ၊ ဒါမှမဟုတ် ဖြေဖျော် သရုပ်ဆောင်ပြကြတဲ့ အနုပစ္စည်းတွေကို တီထွင်ဖန်တီးတဲ့ လူသားတွေရဲ့ နည်းလမ်း အသွယ်သွယ်ပဲ'* တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK



ဒီမှာလည်း အဓိကကျတဲ့စကားလုံးတွေကိုပဲ ကောက်လိုက်ပါတော့မယ်။ အဲဒါတွေက creating artifacts ၊ imaginative, conceptual ideas, or technical skill နဲ့ ပြီးတော့ ခုနတုန်းက ပါသွားတဲ့ appreciated for their beauty and emotional power ပါ။ သူ့ဆီမှာကတော့ primarily ဆိုတာ မပါ ပါဘူး။ စကားစုတွေကတော့ ခုနက ပြောခဲ့တဲ့ အောက်စ်ဖို့နဲ့ အတူတူလောက်ပါပဲ။ ပိုလာတဲ့ စကားစုက conceptual ideas ပါ။ ပြောချင်တာက အနုပညာကို ဖန်တီးသူရဲ့ ယူဆချက်အတွေး ဖြစ်ပါတယ်။

နည်းနည်း ပေရှည်နေပြီထင်လို့ အနုပညာရဲ့ အဓိပ္ပာယ်ကို ကျွန်တော် သဘောကျတဲ့ ဖွင့်ဆိုချက်ကို ပြောပြီး ရပ်လိုက်ပါမယ်။ အဲဒါကတော့ လီဆာမာဒါ *(Lisa Marder– ဟားဗတ်တက္ကသိုလ်ဆင်း ပန်းချီ ခေတ်ပုံနှင့် စာပေ အနုပညာရှင်)* ရဲ့ Ways of Defining Art ဆောင်းပါးထဲက စကား ဖြစ်ပါတယ်။

***Art is the conscious creation of something beautiful or meaningful using skill and imagination. (Lisa Marder)***

*အနုပညာ ဆိုတာက စိတ်ကူးဉာဏ်နဲ့ ကျွမ်းကျင်မှုကို အသုံးပြုပြီး တော့ လှပတဲ့၊ အဓိပ္ပာယ်ရှိတဲ့ တစ်စုံတစ်ခုကို သိစိတ်ရှိရှိ ဖန်တီးခြင်းပါတဲ့။*

mgyoe.com

mgyoe.com SAMPLE BOOK



ဒီအထဲမှာ ကျွန်တော်အကြိုက်ဆုံး စကားလုံး လေးလုံး ပါပါတယ်။ အဲဒါတွေက creation၊ beautiful၊ ပြီးတော့ skill နဲ့ imagination ပါပဲ။ creation ကတော့ ရှင်းပါတယ်၊ ဖန်တီးတာ ဖြစ်ပါတယ်။ ဒီထက် တိတိကျကျ ပြောရရင် ပစ္စည်းတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ အသစ်ကို၊ ဒါမှမဟုတ် ရှိပြီးသား ပစ္စည်းတစ်ခု ဆိုရင်တောင် မတူညီတဲ့ အမြင်နဲ့ ဖန်တီးပြုလုပ်တာပါ။ ကူးတာ၊ ခိုးတာ မပါပါဘူး။ ဆက်ပြောရင် beautiful ကလည်း ရှင်းပါတယ်။ 'လှပသော'ပါ။ ဒီနေရာမှာ စကားလုံးက ရှင်းပေမယ့် အများကြီး ငြင်းခုံစရာ ရှိပါတယ်။ အဲဒါက လှတယ်ဆိုတာ ဘာလဲ ဆိုတဲ့ မေးခွန်းအပေါ် တစ်ဦးနဲ့တစ်ဦး အမြေမတူကြလို့ပါပဲ။ ဒီနေရာမှာ ပန်းချီကား တစ်ချပ်၊ ပန်းပုရုပ်တု တစ်ခုရဲ့ အလှ ဆိုတာကို ခဏထားပြီး မြင်သာတဲ့ လူရဲ့အလှကိုပဲ ဥပမာအနေနဲ့ ပြပြီး အလှအကြောင်း ရှေ့ဆက်လို့ရရုံ နည်းနည်းလောက် ကျွန်တော်ပြောချင်ပါတယ်။ လှတယ်ဆိုတာ ဘာပါလဲ။ လူမည်းအမျိုးသမီး တစ်ယောက်ကို ဗမာတချို့က လှတယ် ထင်ကြပေမယ့် တချို့က လှတယ် မထင်ကြပါဘူး။ ဒီလိုပဲ လူဖြူတွေ၊ ပြီးတော့ အရှေ့တိုင်းက တိဘက်၊ ထိုင်း စတဲ့ လူမျိုးတွေ ကွာသွားတာနဲ့ လှတယ်၊ မလှဘူး ဆိုတဲ့ အမြင်တွေ ကွာသွားတာ သတိထားမိမယ်

mgyoe.com

mgyoe.com SAMPLE BOOK


ထင်ပါတယ်။ ပြောချင်တာက လှခြင်းနဲ့ မလှခြင်းက ကြည့်သူရဲ့ မျက်စိ၊ ကြည့်သူရဲ့ ခံယူချက်နဲ့ပဲ ဆိုင်ပါတယ်။ အဲဒီလိုပဲ အနုပညာပစ္စည်းရဲ့ အလှတရား ဆိုတာကလည်း ခံစားသူရဲ့ စိတ်နဲ့ပဲ ဆိုင်ပါတယ်။ ကျွန်တော် အလှအကြောင်းကို ဒီလို ရှင်းနေတာက ဒီအလှ ဆိုတာကနေ အနုပညာကို ထုံကူးလာတဲ့ ဘောင်သတ်မှတ် မရခြင်း၊ စံသတ်မှတ် မရခြင်း၊ လွတ်လပ်ခြင်း ဆိုတာကို မြင်စေချင်လို့ ဖြစ်ပါတယ်။ အခု ကျွန်တော် နောက် စကားလုံး တစ်လုံးကို ဆက်ပါမယ်။ အဲဒါက imagination ပါ။ အနုပညာပစ္စည်း တစ်ခုကို ဖန်တီးတဲ့အခါ စိတ်ကူးယဉ်ရတာ၊ ဉာဏ်ကွန့်မြူးရတာကို ဆိုလိုတာပါ။ ပြီးတော့ နောက်တစ်လုံးက skill ဆိုတဲ့ ကျွမ်းကျင်မှုပါ။ ဝတ္ထုရေးသူ တစ်ယောက် အတွက်ဆို စာရေးသားခြင်း အတတ်ပညာပါ။ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်မှာ နည်းနည်း ငြင်းစရာရှိတဲ့ စကားလုံး တစ်လုံး ပါပါတယ်။ အဲဒါက conscious သိစိတ် ဆိုတဲ့ စကားလုံး ဖြစ်ပါတယ်။ တချို့အနုပညာ ပစ္စည်းတွေက မသိစိတ်နဲ့ ဖန်တီးတယ်လို့ ပြောကြတာ ရှိတာမို့ ဒီစကားလုံးက ငြင်းခုံစရာ ဖြစ်နေတာပါ။ အနုပညာကို သိစိတ်နဲ့ ဖန်တီးသလား၊ မသိစိတ်နဲ့ ဖန်တီးတာသလား ဆိုတာက နောက်ပိုင်းမှာ ပြောစရာ မလိုဘဲ သိလာ၊ မြင်လာမယ့် ကိစ္စ ဖြစ်တာမို့ ကျွန်တော် ခဏ ချန်ထားခဲ့ပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK



အားလုံးကို ခြုံပြီး ပြောရရင် "အလှတရားကို ခံစားဖို့၊ ဒါမှမဟုတ် ရသကို ခံစားဖို့အတွက် လူတွေက စိတ်ကူးဉာဏ် ကွန့်မြူးပြီး ပစ္စည်းတစ်ခု အသစ်တီထွင် ဖန်တီးတဲ့ ပညာကို အနုပညာလို့ ခေါ်ပါတယ်"။ ဒီနေရာမှာ ကျွန်တော် အနေနဲ့ စေတနာ၊ ကျွမ်းကျင်မှု ဆိုတာတွေကို အနုပညာရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ထဲ မထည့်ဘဲ ချန်ထားခဲ့ချင်ပါတယ်။ အဲဒီလို ချန်ထားခဲ့တာက အဲဒါတွေက အနုပညာနဲ့ လုံးလုံး မဆက်စပ်၊ မသက်ဆိုင်လို့ မဟုတ်ပါဘူး။ အရေးကြီးတဲ့ အစိတ်အပိုင်းတွေလို့တောင် ပြောလို့ ရပါတယ်။ ဒါပေမဲ့ အဲဒါတွေက အနုပညာကို အဓိပ္ပာယ်ဖွင့်တာမှာ မပြောလည်း ရနေတယ်၊အနုပညာပစ္စည်းကို ဖန်တီးခြင်း ဆိုတဲ့ဖြစ်စဉ်ကျမှသာ အကျယ်တဝင့် ပြောဖို့လိုတယ်လို့ ယူဆလို့ ချန်ထားခဲ့တာ ဖြစ်ပါတယ်။

ဟုတ်ကဲ့၊ ဒီလောက်ဆိုရင် အားလုံးရဲ့စိတ်ထဲမှာ အနုပညာဆိုတာ ဘာလဲ ဆိုတဲ့ အသိ ရုပ်လုံးပေါ်လာပြီလို့ ထင်ပါတယ်။ အနုပညာဆိုတာ အမျိုးမျိုး ရှိပါသတဲ့။ စစချင်း ပေါ်တာက ပန်းချီပါတဲ့။ နောက်တော့မှ ပန်းပု၊ ဝတ္ထုရေးသူ၊ သီချင်းရေးဆရာ၊ ကဗျာဆရာ စတဲ့ အမျိုးမျိုးသော အနုပညာရှင်တွေ ပေါ်ထွက်လာကြတာပါတဲ့။ ပန်းအလှပြင်သူတွေ၊

mgyoe.com

mgyoe.com SAMPLE BOOK



အိမ်တွင်းအလှဆင်သူတွေ၊ ပြီးတော့ မိတ်ကပ် ပညာရှင်တွေ အားလုံးကလည်း အနုပညာရှင်စာရင်း ဝင်ပါသတဲ့။

အနုပညာရှင်တွေ အမျိုးမျိုး ရှိတဲ့အကြောင်း ပြောလို့ ပြီးတဲ့ အခါမှာတော့ အနုပညာရဲ့ ဂုဏ်သတ္တိအကြောင်းကို ဆက်ပါဦးမယ်။ အနုပညာရှင်က ဖန်တီးလိုက်တဲ့ အနုပညာ ပစ္စည်းတစ်ခုက ကမ္ဘာရဲ့ ဘယ်နေရာကိုမဆို ပျံ့နိုင်ပါတယ်။ ရုပ်ရှင်တစ်ခုကို တစ်ကမ္ဘာလုံး စိတ်ဝင်စားကြသလို၊ ပန်းချီ ကားတစ်ချပ်ကို တစ်ကမ္ဘာလုံး သိကြသလို၊ ဝတ္ထုတစ်အုပ်ကို ဘာသာစကား အမျိုးမျိုးကို ပြန်ဆိုကြတာမျိုးပါပဲ။ ပြောချင် တာက အနုပညာပစ္စည်း တစ်ခုကို အဲဒီ အနုပညာပစ္စည်း ကိုယ်တိုင်က လွဲပြီး လျှောင်ပိတ် ကန့်သတ်ထားနိုင်တဲ့ နံရံ ဆိုတာ မရှိပါဘူး။ လွတ်လပ်စွာ ပျံ့နှံ့နိုင်ခြင်းက အနုပညာ ပစ္စည်းတွေရဲ့ ဂုဏ်သတ္တိပါပဲ။

နောက်တစ်ခု ပြောရရင် အနုပညာပစ္စည်း တစ်ခု ကို မတူညီတဲ့ လူအမျိုးမျိုးက ခံစားကြတဲ့အခါမှာ အမြင် တွေ အမျိုးမျိုး ခွဲဖြာသွားတာပါ။ ကနဦးက အလှတရားကို ရှင်းပြခဲ့သလိုပဲ တစ်ခုတည်းဖြစ်တဲ့ အနုပညာပစ္စည်းဟာ လူအမျိုးမျိုးရဲ့ အမြင်ကွဲပြားမှု အောက်မှာ ကိုယ်ခွဲတွေ အမျိုးမျိုး ဖြစ်သွားပါတယ်။ ဥပမာပြောရရင် ယောနသံ စင်ရော် ဆိုတဲ့

mgyoe.com

mgyoe.com SAMPLE BOOK



ဝတ္ထုကို ဖတ်ပြီး သူဌေးတွေ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ရဟန်းတွေ စတဲ့ အမျိုးမျိုးသော သူတွေက ဒါ သူတို့အကြောင်းပဲလို့ ပြောကြတယ် ဆိုတာမျိုးပါပဲ။ ပြောရရင် တစ်ဦးတစ်ယောက်ချင်းစီရဲ့ အမြင်မှာ အဲဒီလို အမျိုးမျိုး ခွဲဖြာ ထွက်သွားနိုင်တာကလည်း အနုပညာရဲ့ ဂုဏ်သတ္တိပါပဲ။ နှစ်ခုကို ချုပ်ပြောရရင် လွတ်လပ်စွာ ပျံ့နှံ့ခြင်းနဲ့ တစ်ဦးတစ်ယောက်ချင်းစီအတွက် ကွဲပြားတဲ့ ခံစားမှုကို ပေးနိုင်ခြင်းတွေ ဆိုပါတော့။

အနုပညာ ဆိုတာနဲ့ ပတ်သက်လို့စိတ်ထဲမြင်လောက်ပြီထင်လို့ ကျွန်တော် ချုပ်ပါတော့မယ်။ အနုပညာက ဘာဆိုတာကို ကျွန်တော် ပြောခဲ့ပါပြီ။ အဲဒီလိုပဲ အနုပညာပစ္စည်းက ဘာအတွက် ဆိုတာကို ကျွန်တော် ပြောခဲ့ပါပြီ။ နောက်ဆုံး ပြောခဲ့တာကတော့ အနုပညာပစ္စည်းရဲ့ ဂုဏ်သတ္တိပါပဲ။ အဲဒီကမှ တစ်ဆင့် ဆက်ချင်တာကတော့ အနုပညာ ခံစားသူနဲ့ အနုပညာကို ဖန်တီးသူတို့ အကြောင်းပါပဲ။

( ၁ )

အခု ဆက်ပြောမှာက အနုပညာပစ္စည်း တစ်ခုကို ခံစားမယ့် သူတွေအကြောင်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ပန်းချီကားတစ်ချပ်၊ ဒါမှမဟုတ် စာအုပ်တစ်အုပ် ဆိုပါတော့။ အဲဒီ အနုပညာကို ဘယ်သူတွေ ခံစားကြမလဲ ဆိုရင် အဖြေက လူတွေလို့ပဲ ဖြေရမှာပါ။ ရုတ်တရက်ဆိုရင် ခွတိုက်ဖြေသလိုပါပဲ။ ဒါပေမဲ့ အဲဒီအဖြေက အမှန်ပါပဲ။ အသက်အရွယ် မျိုးစုံ၊ လူမျိုး မျိုးစုံ၊ အတန်းပညာ အဆင့် အတန်းမျိုးစုံ၊ ဆင်းရဲ ချမ်းသာ၊ ဘာကိုမှ သီးသန့် သတ်မှတ် လို့ မရတဲ့ အမျိုးမျိုး အဖုံဖုံသော လူတွေက ခံစားကြမှာ ဖြစ် ပါတယ်။ ဒါဆို ဘယ်လို ခံစားကြမှာလဲ ဆိုတဲ့ မေးခွန်း ထပ် ပေါ်လာပါတယ်။ အဲဒါကတော့ သူတို့ မျက်စိရှေ့မှောက်မှာ မြင်နေရတဲ့ ပန်းချီကား၊ ရှိနေတဲ့ စာအုပ်ကို ကြည့်ရှုမယ်၊ ဖတ်မယ်။ ပြီးတော့ သူတို့မှာ ရှိနေတဲ့ ဘဝနောက်ခံ အကြောင်း တွေကို ဆွဲယူ နှိုင်းယှဉ် တွေးပြီးတော့ ခံစားကြပါတယ်။ ဒီ နေရာမှာ အနုပညာ ခံစားသူတွေနဲ့ ပတ်သက်ပြီး ကျွန်တော် မြင်စေ၊ သိစေချင်တာက ဒီ အနုပညာကို ဖန်တီး၊ ထုတ်လုပ်၊ ခံစားခြင်း ဆိုတဲ့ ဖြစ်စဉ်ကြီးမှာ သူတို့က လွတ်လပ်မှု အရှိ ဆုံးသူတွေ ဆိုတာပါပဲ။ ဘာလို့လဲ ဆိုရင် သူတို့က ဒီအနု ပညာ ပစ္စည်းကို မမြင် မတွေ့သေးတဲ့ အချိန်အထိ အဲဒီ အနု ပညာပစ္စည်းနဲ့ စိတ်ရောကိုယ်ပါ ပတ်သက်မှု မရှိ၊ ကင်းရှင်း နေလို့ပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဒါပေမဲ့... အနုပညာ ပစ္စည်းကို ခံစားသူတိုင်းက လုံးဝ လွတ်လပ်တာတော့ မဟုတ် ပါဘူး။ ဥပမာပြရရင် သားဖြစ်သူ ရေးတဲ့ ဝတ္ထုကို အမေက ဖတ်တဲ့အခါ ငါ့သား ရေးတဲ့ ဝတ္ထု ဆိုတဲ့ အစွဲတွေ ပါလာရင် ခံစားသူဟာ မလွတ်လပ်တော့ ပါဘူး။ ဒီလိုပဲ ဝတ္ထုတစ်ပုဒ်ကို မဖတ်ခင်မှာပဲ ငါ့ပါတီ၊ ငါတို့ နိုင်ငံ၊ ငါတို့လူမျိုး၊ ငါနဲ့ မတည့် တဲ့သူက ရေးတာ၊ ငါ ချစ်တဲ့ စာရေးဆရာက ရေးတာ... အစ ရှိတဲ့ ကြိုတင်စွဲတွေ ရှိနေတာ ကလည်း မလွတ်လပ်ခြင်း တစ်မျိုး ပါပဲ။ အဲဒါနဲ့ မတူပေမယ့် မလွတ်လပ်တဲ့ နောက်တစ်မျိုးက ဒီစာရေးဆရာက ဒါမျိုး လေးတွေ ရေးတတ်တယ်လို့ ကြိုတင် မျှော်လင့်ပြီး ဖတ်တာ၊ အဲဒီကမှ အနုပညာပစ္စည်းကို ပထမ ပြောခဲ့တဲ့ ရသကို ခံစား ဖို့ သက်သက်၊ အလှတရားကို ခံစားဖို့ သက်သက် မဟုတ်ဘဲ ဗဟုသုတရဖို့၊ အသိဉာဏ် ကြွယ်ဝဖို့၊ လိမ္မာရေးခြား ရှိဖို့၊ မက်ဆေ့ချ်ရဖို့ အစရှိတဲ့ အနုပညာကို ခံစားခြင်းကနေ သွေဖည်တဲ့ မျှော်မှန်းချက်တွေ ရှိနေတာက အနုပညာ ခံစား သူတွေရဲ့ လွတ်လပ်မှုကို ပျက်စီးစေပါသတဲ့။ အဲဒီအခါမှာ အနုပညာကို အနုပညာလို့ မမြင်ကြတော့ဘဲ မင့်ဝတ္ထုက ဘာဗဟုသုတမှ မရဘူးတို့၊ မင့်ဝတ္ထုက အဆိပ်အတောက် တွေတို့ ဆိုတဲ့ ဝေဖန် ကဲ့ရဲ့မှုတွေ ဖြစ်လာသလို၊ ဝတ္ထုလေးက

mgyoe.com

mgyoe.com SAMPLE BOOK



ကောင်းလိုက်တာ၊ မက်ဆေ့ချ်တွေ ရလိုက်တာ ဆိုပြီး လိုတာထက် ပိုတဲ့ ချီးမွမ်းမှုတွေ ဖြစ်လာကြပါတယ်။ ပြောရရင် အနုပညာ ခံစားသူဘက်က ပျက်ရင်လည်း အနုပညာ ပစ္စည်းဆိုတာ ပျက်တတ် ပါတယ်။ ဒါပေမဲ့ ဖတ်သူကြောင့် ပျက်တဲ့အပျက်က စိုးရိမ်စရာတော့ မဟုတ်ပါဘူး။ ဘာလို့လဲ ဆိုရင် အဲဒီခံစားသူ တစ်ဦးတစ်ယောက်တည်းအတွက် ပျက်တာမို့လို့ပဲ ဖြစ်ပါတယ်။

( ၈ )

အနုပညာခံစားသူ အကြောင်း ပြောပြီးတဲ့အခါ အနုပညာကို ဖန်တီးသူ (ဝါ) အနုပညာရှင် အကြောင်း ပြောချင်ပါတယ်။

အခု စမှာက ဘယ်သူတွေကို အနုပညာရှင်လို့ ခေါ်ပါသလဲ။ အနုပညာအကြောင်း ပြောတဲ့အခါ သွေးကြီး မွေးကြီး ရှိလှပေမယ့် အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ ဆိုတာကတော့ အင်မတန် လွယ်လှပါတယ်။ (အရည်အသွေး အနိမ့်အမြင့်၊ အရွယ်အစား အကြီးအသေး၊ အနုပညာ အမျိုးအစား ဘာဆိုဘာမှ မသတ်မှတ် ထားတဲ့) အနုပညာပစ္စည်း တစ်ခုခုကို ဖန်တီးလိုက်မယ်၊ ပြီးရင် ကိုယ့်ကိုယ်ကိုယ် အနုပညာရှင်လို့

mgyoe.com

mgyoe.com SAMPLE BOOK



သတ်မှတ်လိုက်မယ် ဆိုရင် အဲဒီသူဟာ အနုပညာရှင် ဖြစ်ပါပြီတဲ့။ ကဲ... ဘယ်လောက်တောင်များ လွယ်လိုက်သလဲလို့ အံ့သြရတာမျိုး ဆိုပါတော့။

ဒါပေမဲ့...လို့ပဲ ဆက်ရမယ် ထင်ပါတယ်။ အနုပညာဆိုတာက လွတ်လပ်တဲ့ သဘော၊ ပျံ့နှံ့တဲ့သဘော ရှိတာကို ကျွန်တော် ပထမ ပြောခဲ့ပြီးပါပြီ။ အဲဒီလို သဘောရှိတဲ့ အနုပညာက ကိုယ့်လက်က ထွက်မှ မပျံ့နှံ့နိုင်၊ မလွတ်လပ်နိုင်ဖြစ်သွားပြီး ကိုယ်ကိုယ်တိုင်ပဲ သိတဲ့ တစ်ကိုယ်တည်းသိအနုပညာရှင် ဖြစ်နေတာက မဆီလျော်တာမို့ နောက်တစ်ဆင့်တက်ပြီး လူအများသိ အနုပညာရှင် ဖြစ်ဖို့ ခြေလှမ်း လှမ်းရပါတယ်။ အဲဒါကတော့ ကိုယ်ဖန်တီးတဲ့ အနုပညာပစ္စည်းကို ခံစားနိုင်ဖို့ အခြားလူတွေလက်ထဲ ထည့်ပေးလိုက်တာပါပဲ။ အဲဒီလို ထည့်ပေးလိုက်တဲ့အခါမှာ အဲဒီ အနုပညာပစ္စည်းဟာ ဘယ်လောက် ပျံ့နှံ့နိုင်မလဲ၊ သူ ကျော်ပိုးပြီး သယ်သွားမယ့် အနုပညာရှင်ရဲ့ နာမည်ကိုဘယ်လောက် ဝေးဝေးအထိ ပို့ဆောင်ပေးနိုင်မလဲ ဆိုတာက အဲဒီပစ္စည်းရဲ့ လွတ်လပ်မှုအပေါ်မှာ မူတည်သွားပါတယ်။ လွတ်လပ်တဲ့ အနုပညာပစ္စည်းက မိုးအဆုံး၊ မြေအဆုံးအထိ စွမ်းသလောက် ပျံသန်းပေမယ့် သူကိုယ်၌က မလွတ်လပ်တဲ့ အနုပညာပစ္စည်းကတော့ ဘောင်

mgyoe.com

mgyoe.com SAMPLE BOOK



တစ်ခုထဲမှာ ပိတ်မိသွားပြီး အဲဒီဘောင်ထဲက လူတွေနဲ့ပဲ အဆုံးသတ်သွားပါတယ်။

ပြောရမယ်ဆိုရင်အနုပညာပစ္စည်းတစ်ခုဟာအသိုင်းအဝိုင်းတစ်ခု၊ လူတစ်စုတည်းမှာ ပိတ်မိမနေဘဲ၊ ရပ်တန့်မသွားဘဲ ဘယ်လောက်ဝေးဝေး ခရီးဆန့်နိုင်သလဲ၊ ဘယ်လောက်ကြာကြာ ခရီးဆန့်နိုင်သလဲ၊ ပြီးတော့ အဲဒီ အနုပညာပစ္စည်းကသူ့ကိုဖန်တီးလိုက်တဲ့အနုပညာရှင်ကိုဘယ်လောက်အထိ သယ်ဆောင် သွားနိုင်သလဲ ဆိုတာကို ကြည့်ပြီး အနုပညာရှင်တွေဟာ ကြီးမြတ်သော၊ သေးငယ်သောရယ်လို့ အလွှာတွေ၊ ဂုဏ်တွေ အဆင့်ဆင့် ကွဲသွားကြတော့တာပါပဲ။ တချို့သောအနုပညာပစ္စည်းတွေဟာအနုပညာရှင်ကသေသွားပေမယ့် သူက ဆက်ပြီး ခရီးဆန့်နေဆဲမို့လို့ လူသေပေမယ့် နာမည် မသေတဲ့ အနုပညာရှင် ဆိုတာတဲ့ စကားက ပေါ်လာတော့တာပါပဲ။

ဒီနေရာမှာ ရယ်စရာတစ်ချက် ပြောချင်တာက အနုပညာပစ္စည်းက သူ့ကို ဖန်တီးတဲ့ အနုပညာရှင်ကို သယ်ဆောင်ပြီး နယ်ပယ်အနှံ့ကို နှစ်ရှည် ခရီးဆန့်တာ ဖြစ်ပါတယ်။ အနုပညာရှင်က သူ့ရဲ့ အနုပညာပစ္စည်းကို သယ်ပိုးပြီး ခရီးဆန့်တာ၊ တစ်နည်းဆိုရရင် ကြော်ငြာတာ မဟုတ်ဘူး ဆိုတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



အဲဒီလို ကြော်ငြာရတဲ့ အနုပညာမျိုးကျတော့ အပေါ်ကနဲ့ ပြောင်းပြန်လို့ ပြောရပါမယ်။ အဲဒီလို အနုပညာရှင်တွေ သေဆုံးသွားပြီ ဆိုရင်တော့ သူ့ရဲ့ ဖန်တီးမှုတွေဟာ ကျရာ နေရာ ရပ်ပြီး မရွေ့မလျားနဲ့ အသေ ဖြစ်သွားကြပါတယ်။

♦

## ၃။ ဝတ္ထုတစ်ပုဒ် ဖန်တီးခြင်း

( က )

ဒီစာရဲ့ ခေါင်းစဉ်ကို ဝတ္ထုအကြောင်း ဆိုပြီး တပ်ခဲ့တာမို့ အနုပညာကနေ ဝတ္ထုကိုကျွန်တော်မြန်မြန်ပဲ ခုန်ကူးလိုက်ပါတော့မယ်။ အရင်ဆုံးအနေနဲ့ ဝတ္ထုတစ်ပုဒ်ကို ဘယ်လို ဖန်တီးတယ် ဆိုတာကို မပြောခင်မှာ ကျွန်တော် လွတ်လပ်ခြင်း အကြောင်း အရင် ပြောချင်ပါတယ်။ ရှေ့အခန်းတွေမှာလည်း ကျွန်တော် အနုပညာအကြောင်း ပြောတဲ့အခါ လွတ်လပ်ခြင်း ဆိုတာကို မကြာခဏ တိုတိတိုတိ ထည့်ပြောခဲ့တာကို သတိထားမိကြမယ် ထင်ပါတယ်။ အဲဒါက အနုပညာပစ္စည်းတစ်ခု ဖန်တီးရာမှာ (ဝါ) ဝတ္ထုတစ်ပုဒ် ရေးသားရာမှာ အသက်ဖြစ်တာမို့ ဒီနေရာမှာ အကျယ်တဝင့် ထပ်ပြောမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ချိတ်ချိတ်ချင်း ချိတ်ကြတယ် ဆိုတဲ့ စကား ကြားဖူးကြမယ် ထင်ပါတယ်။ ဒေါသထွက်နေသူ တစ်ယောက်နဲ့ တခြား ဒေါသထွက်နေသူတို့ နှစ်ယောက် ပေါင်းပြီး ရန်ပွဲတစ်ခု ဖြစ်သွားကြတာမျိုးမှာ ရည်ညွှန်းပြီး သုံးကြပါတယ်။ အဲဒီလိုပဲ အနုပညာရှင်နဲ့ အနုပညာခံစားသူတွေဟာ အနုပညာပစ္စည်းကို ကြားခံထားပြီး ချိတ်ဆက်ကြတာ ဖြစ်ပါတယ်။ အဲဒီလို ချိတ်ဆက်ကြတဲ့ အခါမှာ အဲဒီ အနုပညာပစ္စည်းထဲမှာ ဘာကို ထည့်ပေးလိုက်မလဲ ဆိုတာက အရေးကြီးလာပါတယ်။ ဥပမာ ပြရရင် ကျွန်တော်တို့က ဟင်းတစ်ခွက်မှာ ဆားကို ထည့်ပေးလိုက်ပြီ ဆိုပါစို့ ၊ ဆားကြိုက်သူတွေက ကောင်းနိုင်ပေမယ့် ဆားကို မကြိုက်တဲ့သူ အတွက်ကျတော့ အဆင်မပြေပါဘူး။ ဒီထက် နီးနီးစပ်စပ်ပြောရင် ဝတ္ထုထဲမှာ အမျိုးသားရေးဝါဒကို ချိတ်အဖြစ် ထည့်ပေးလိုက်ပြီ ဆိုပါစို့... ဝါဒ တူသူတွေအတွက် ကောင်းလိုက်တာ ခံစားနိုင်ပေမယ့် ဝါဒ မတူသူတွေအတွက် အဆင်မပြေပါဘူး။ ကျွန်တော်တို့က အမျိုး၊ ဘာသာ၊ သာသနာ၊ နိုင်ငံ စသည်ဖြင့် တစ်ခုခုကို ချိတ်အဖြစ် သုံးခဲ့မယ်ဆိုရင် လူ ဘယ်နှယောက်ကို ချိတ်ဆက်နိုင်မယ် ထင်ပါသလဲ။ သေချာတာကတော့ ရည်ရွယ်ထားတဲ့ အဲဒီ ထည့်ပေးလိုက်တဲ့ ဝါဒကို လက်ခံတဲ့ လူတစ်စုကိုပဲ ချိတ်ဆက်နိုင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK



ဖြစ်ပြီး ကျန်တဲ့ လူအများစုကိုတော့ ချိတ်ဆက်နိုင်ခြင်း မရှိဘဲ လွတ်မြဲ လွတ်နေမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းတစ်ခု ရှိလာပါတယ်။ ဒါဆို အနုပညာရှင်အနေနဲ့ အနုပညာခံစားသူ အားလုံးနီးပါးကို ချိတ်ဆက်နိုင်ဖို့ သူ့ရဲ့ အနုပညာပစ္စည်းထဲမှာ ဘာ ထည့်ပေးလိုက်ရမလဲ ဆိုတာပါပဲ။ ကျွန်တော် ပြောခဲ့ပါတယ်။ အနုပညာကို ဖန်တီး၊ ထုတ်လုပ်၊ ဖြန့်ချိ၊ ခံစားကြတဲ့ ဖြစ်စဉ် တစ်ခုလုံးမှာ အနုပညာ ခံစားသူများဟာ ဘာဆို ဘာမှ အုပ်စုဖွဲ့ သတ်မှတ်လို့ မရတဲ့ လူတွေ ဖြစ်ပြီး အလွတ်လပ်ဆုံးပဲလို့ ကျွန်တော် ပြောခဲ့ပါတယ်။ ဒီတော့ အဲဒီ လွတ်လပ်ခြင်းကို ချိတ်အဖြစ် သုံးပြီး အနုပညာရှင်နဲ့ အနုပညာ ခံစားသူကြားမှာ ချိတ်ဆက်ဖို့ ကြိုးစားမယ် ဆိုရင် ဘယ်လို နေမလဲ ဆိုတဲ့ မေးခွန်းတစ်ခု ရှိလာပါတယ်။

ဥပမာပြရရင် ကျွန်တော်တို့နိုင်ငံရဲ့ ပါတီကြီး နှစ်ခု ဖြစ်တဲ့ အနီနဲ့ အစိမ်း ဆိုတာ ရှိပါတယ်။ အဲဒီမှာ စာရေးဆရာ တစ်ယောက်က အမတ်တစ်ယောက်ရဲ့ လူ့စရိုက်၊ လူ့သဘာဝကို သရော်တဲ့ ဝတ္ထုတစ်ပုဒ် ရေးပြီ ဆိုပါစို့။ အဲဒီ စာရေးဆရာကသာ အမတ်တစ်ဦးလို့ပဲ ရေးခဲ့မယ်ဆိုရင် အဲဒီ နိုင်ငံရေးသမားတွေကို မြင်ဖူး၊ ကြားဖူးတဲ့ ဘယ်သူမဆို ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ စာရေးသူကသာ အနီပါတီ စွဲပါပြီး အနီ

mgyoe.com

mgyoe.com SAMPLE BOOK



ရောင် အမတ်တွေက ကောင်းတယ်၊ အခုက အစိမ်းရောင် အမတ်တွေကို ရေးတာ ဆိုရင်၊ ဒါမှမဟုတ် စာရေးသူက အစိမ်းမို့ သူ့ဝတ္ထု ဇာတ်ကောင်က အစိမ်း မဟုတ်ဘူး၊ အနီအမတ်လို့ ဘောင် ကန့်သတ်လိုက်မယ် ဆိုရင် ရေးသူမှာ ပါတီစွဲ ပါလာတာနဲ့ ခံစားသူမှာ အမတ်တွေရဲ့စရိုက်သဘာဝ ဆိုတဲ့ မူလ ခံစားတာထက် ဘောင်ကျဉ်းသွားပါတယ်။ ကျွန်တော် ပြခဲ့တဲ့ ဥပမာမှာ ဖန်တီးသူရဲ့ အစွဲကြောင့် သူ ဖန်တီးတဲ့ အနုပညာက ဘောင်တစ်ခုထဲ ရောက်သွားတဲ့အခါ ခံစားသူ တွေမှာပါ ဘောင်ကျဉ်းသွားတာ မြင်သာမယ်လို့ ထင်ပါတယ်။ အဲဒီကမှ ဆက်တွေးကြည့်ရင် အမတ်တွေရဲ့စရိုက်ကို မျက်ဝါးထင်ထင် မတွေ့ဖူး၊ မကြုံဖူးတဲ့ မျိုးဆက်တွေအတွက် ဆိုရင် အမတ်အကြောင်း ဆိုတဲ့ ဘောင်ကပဲ သူ့တို့ရဲ့ ရသစွမ်းအားကို လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။ ဥပမာပြရရင် ၂၀၀၀-၂၀၁၀ ကာလတွေမှာ အမတ်ကို မမြင်ဖူးတဲ့ ကျွန်တော်တို့အတွက် ဟိုး ရှေးစာရေးသူတွေ ရေးခဲ့တဲ့ အမတ် ဝတ္ထုတွေကို တင်းပြည့် ကျပ်ပြည့် မခံစားနိုင်တာမျိုးပါပဲ။ ဒါက ဝတ္ထုရေးသူရဲ့ မလွတ်လပ်မှုကနေ အစချီလာရာက ဝတ္ထု (ဝါ) အနုပညာပစ္စည်းရဲ့ မလွတ်လပ်မှု ဖြစ်သွားတာကို ဥပမာပြတာ ဖြစ်ပါတယ်။ ပြီးရင် အဲဒီ မလွတ်လပ်တဲ့ အနုပညာပစ္စည်းက

mgyoe.com

mgyoe.com SAMPLE BOOK



ခံစားကြမယ့် သူတွေကို လွတ်လွတ်လပ်လပ် ချိတ်ဆက်နိုင်တော့မှာ မဟုတ်ပါဘူး။ အနုပညာ ပစ္စည်းဟာလည်း ဘောင်ထဲမှာပဲ ပိတ်မိသွားပြီး ကြာရှည် ခရီးဆန့်နိုင်တော့မှာ မဟုတ်ပါဘူး။

နောက်ထပ် ဥပမာတစ်ခုကို ပြောချင်ပါတယ်။ အဲဒါက နယ်ချဲ့အင်္ဂလိပ်တွေ၊ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ကြဆိုတဲ့ အမျိုးသားရေး ဝါဒဖြန့် ဝတ္ထုတွေပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင် ကာလတွေမှာ ခေတ်လိုအပ်ချက်အရ၊ ခေတ်အခြေအနေအရ အားကောင်းမောင်းသန် ဖြစ်ခဲ့တဲ့ အမျိုးသားရေး ဝတ္ထုတွေက ဒီဘက်ခေတ်ကို ရောက်လာတဲ့ အခါမှာ ဘာကြောင့် အားလျော့သွားသလဲ ဆိုတာက ခုန က ပြောခဲ့တဲ့ ဘောင်တစ်ခုထဲမှာ ပိတ်ထားတဲ့အတွက်၊ အဲဒီ ဘောင်ထဲမှာ နေတဲ့လူတွေ မျိုးတုံးသွားတဲ့အခါ အဲဒီဝတ္ထု တွေကလည်း မှတ်တမ်း မှတ်ရာအဖြစ်သာ ကျန်ခဲ့ပြီး ရပ်တန့် သွားတော့တာပဲ ဖြစ်တယ်။

ဝတ္ထုကိစ္စ မဟုတ်ပေမယ့် နောက်ထပ် လောလော လတ်လတ် မြင်သာတဲ့ ဥပမာနောက်တစ်ခုကို ထပ်ပြောရရင် ကိုဗစ်ဖြစ်တဲ့ အချိန်မှာ သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ထွက် ကြတယ်။ အဲဒီအထဲကမှ တင်ဇာမော်ရဲ့ 'အားတင်းထား

mgyoe.com